ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)


# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၏
# ရခိုင်ပြည်ရောက်ရိုဟင်ဂျာနာမည်ခံဘင်္ဂါလီမူဆလင်များနှင့်ပတ်သက်သောသဘောထား

ထုတ်ပြန်ကြေငြာချက်အမှတ်(၁၀/၀၆)

၁။ ရခိုင်ပြည်တွင် ရိုဟင်ဂျာဟူသောလူမျိုးစုတခုသည် ရခိုင်သမိုင်းတလျှောက်လုံးတွင်မရှိခဲ့။ ဗြိတိသျှသက်တမ်းတလျှောက်လုံးအတွင်း အကြိမ်ကြိမ်ကောက်ခံခဲ့သော သန်းခေါင်စာရင်းများတွင်လည်းမရှိခဲ့။ နောက်ဆုံး(၁၉၉၀)ခုနှစ်ရွေးကောက်ပွဲတွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများစာရင်းတွင်လည်းမရှိခဲ့။ ထို့ကြောင့် (ALP) အနေဖြင့် ရခိုင်ပြည်ရောက်ရိုဟင်ဂျာနာမည်ခံဘင်္ဂါလီမူဆလင်များကို ရခိုင်ပြည်မှလူမျိုးစုတခုအဖြစ် လုံးဝအသိအမှတ်မပြုကြောင်း ဦးစွာဖော်ပြအပ်သည်။

၂။ သို့သော်လည်း မျက်မှောက်ကာလ စစ်အာဏာရှင်တို့၏ အုပ်စိုးမှုအောက်တွင် ရခိုင်ပြည်မှ မူဆလင်ဘာသာဝင်များသည် တခြားသောဘာသာဝင်များနည်းတူ ဘာသာရေးအရဖိနှိပ်ခံနေကြရမှုများနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မိမိတို့အနေဖြင့် အသိအမှတ်ပြုသည်။

၃။ ရခိုင်ပြည်ရောက်ရိုဟင်ဂျာနာမည်ခံဘင်္ဂါလီမူဆလင်များ၏ နိုင်ငံသားဖြစ်မှု၊ ဧည့်နိုင်ငံသားဖြစ်မှု၊ နိုင်ငံခြားသားဖြစ်မှု စသည်တို့ကို အဆုံးအဖြတ်ပေးရန်မှာ တိုင်းပြည်၏ အချုပ်အချာအာဏာနှင့်သက်ဆိုင်သည်ဖြစ်၍ အနာဂါတ်တွင် ဖြစ်ပေါ်လာမည့် ရခိုင်ပြည်၏ ပါလီမန်လွှတ်တော်တွင် ဆွေးနွေးအဖြေရှာကြရမည့်ကိစ္စ အဖြစ်သာသဘောထားကြောင်း (ALP)၏သဘောထားကို ထုတ်ပြန်ကြေငြာလိုက်သည်။

ဗဟိုကော်မီတီ
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)

ရက်စွဲ။ ။ နိုဝင်ဘာလ(၂၅)ရက်၊ ၂၀၀၆ ခု။


ပိုမိုသိလိုပါက – Email: <alpghq@gmail.com>